
# မင်းမြတ်သူရ

မော်ကြေးမုံ



# အခန်း (၁)

တစ်နေ့သ၌ ကျွန်ုပ်သည် မိခင်မွေးရပ်မြေသို့ ကိုယ်တိုင် ကားမောင်း၍ ခရီးထွက်ခဲ့လေ၏ ။

ကျွန်ုပ်သည် ရန်ကုန်မြို့မှ နံနက်စောစောထွက်ခဲ့သဖြင့် ညနေစောင်းအချိန်သို့ ရောက်သောအခါ မိခင်၏ ဇာတိမြို့သို့ရောက်လေ၏ ။

ကျွန်ုပ်သည် မြို့အဝင် ဆိုင်းဘုတ်ကိုမြင်သောအခါ ကားကို မြို့ထဲသို့ မဝင်တော့ဘဲ မြေနီလမ်းလေးအတိုင်း ချိုးကွေ့ဝင်လိုက်။

ထိုသို့မောင်းနှင်ရင်း မြေနီလမ်းသည် တဖြည်းဖြည်း မြင့်တက်လာပြီး တောင်ပေါ်သို့ ရောက်ရှိ လာလေ၏

ထိုနေရာ၌ မြို့တစ်မြို့လုံးကို အပေါ်စီးမှ မြင်တွေ့ရနိုင်။

တောင်ပေါ်၌ တစ်မြို့လုံးက ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းရှိ၏ ။

သို့သော် ကျွန်ုပ်တောင်ပေါ်သို့ ရောက်ရှိလာခြင်းမှာ ဘုန်းတော်ကြီးများကို ဖူးတွေ့လို၍ မဟုတ်ဘဲ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြားသိခဲ့ဖူးသော ဘိုးသက္ကဆိုသူ တစ်ယောက်ကို ရှာဖွေရန်ဖြစ်၏ ။

ဘိုးသက္ကသည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိမှ ရှိပါလေစ။

ဘိုးသက္ကရှိလျှင်လည်းသူ၏ အသက်မှာ များစွာကြီးရင့်နေပေလိမ့်မည်။

*

ကျွန်ုပ်သည် တောင်ပေါ်ရှိ အရိပ်ရသော ညောင်ညိုပင်ကြီးအောက်၌ ကားကို ရပ်လိုက်၏။

ပြီးနောက် ကားပေါ်မှ ဆင်းကာ မလှမ်းမကမ်းရှိ ဇရပ်၌ စာကျက်နေသော ကိုရင်လေးအနီးသို့သွား၍ ဘိုးသက္ကအကြောင်းကို မေးမြန်းလိုက်ရာ ကိုရင်လေးက တောင် အနောက်ဘက်ပိုင်းမှာ ဘိုးသက္က၏ အိမ်ရှိကြောင်း ပြောလေ၏။

ကျွန်ုပ်သည် ဘိုးသက္က သက်ရှိ ထင်ရှားရှိနေကြောင်း သိရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သာ ဖြစ်သွားလေ၏။ ထို့ကြောင့်တောင်၏ အနောက်ဘက်သို့ ခြေလှမ်းကြဲကြဲဖြင့် ထွက်ခွာလာခဲ့၏

ထိုသို့ ထွက်လာပြီး ခဏအကြာ၌ ပြန့်ပြူးသော မြေပြင်၌ ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးနှင့် အိမ်၏ အနီး၌ ဖိုရုံလေးတစ်ရုံကို တွေ့ရလေ၏။

ဖိုရုံကလေးသည် ဘိုးသက္က သက်ရှိထင်ရှားရှိနေကြောင်း အမှတ်အသားပင်ဖြစ်၏။

ကျွန်ုပ်သည် ဖိုရုံလေးရှိရာသို့ လျှောက်လှမ်းသွားသောအခါ ဖိုရုံအနီးရှိ မြေကွက်လပ်၌ ထိုင်၍ ရေနွေးကြမ်းသောက်နေသော အဘိုးအိုတစ်ဦးကို တွေ့ရလေ၏။

အဘိုးအို၏ ဆံပင်များ ဖြူဖွေးနေပြီး မုတ်ဆိတ်မွေးများလည်း ဆွတ်ဆွတ်ဖြူနေလေ၏။

အဘိုးအိုသည် ကျွန်ုပ်ကိုမြင်သောအခါ

''ထိုင်ပါလူလေး၊ ရေနွေးကြမ်းနဲ့ ထန်းလျက်ဖြူဆုပ်လေးစားပါ''

ဟု ဖိတ်ခေါ်လေ၏။ ကျွန်ုပ်က အဘိုးအို၏ အရှေ့၌ ဝင်ထိုင်လိုက်ပြီး

''ဘိုးသက္က ကျန်းကျန်းမာမာပဲနော်''

ဟုဆိုလိုက်ရာ ဘိုးသက္ကက ကျွန်ုပ်ကို မျက်မှောင်ကြုတ်ကြည့်၍

''လူလေးက ကျုပ်ကိုသိနေလို့လား''

ဟုမေးမြန်းလေ၏။ ကျွန်ုပ်က ခေါင်းညိတ်၍

''သိတာပေါ့ဗျ၊ ကျုပ်မိဘတွေက ဒီမြို့ဇာတိတွေပဲ၊ ကျုပ်အမေက ရွှေမုန့်ကြွပ် လုပ်ငန်းပိုင်ရှင် ဒေါ်ရွှေရွှေလေ''

ဟု ပြောလိုက်ရာ ဘိုးသက္ကက ခေါင်းတဆတ်ဆတ်ညိတ်၍

''သြော် . . .ရွှေရွှေရဲ့သားကိုး၊ ရွှေရွှေ မနှစ်က ကွယ်လွန်သွားရှာတယ်လို့ကြားတယ်''

ဟု ပြောလေ၏။ ကျွန်ုပ်က ခေါင်းညိတ်၍

''ဟုတ်ပါတယ် ဘိုးသက္က၊ ကျုပ်တစ်ယောက်တည်း လူ့လောကမှာ အထီးကျန် ကျန်ရစ်ခဲ့ပြီ''

ဟုပြောလေ၏။

ထိုအခါ ဘိုးသက္ကက ခေါင်းခါယမ်း၍

''တစ်ယောက်တည်း နေထိုင်လဲ အထီးကျန်မဖြစ်ပါဘူး လူလေး၊ အထီးကျန်ဖြစ်ခြင်း မဖြစ်ခြင်းဆိုတာ လူရဲ့ သတ်မှတ်ချက်တစ်ခုပါ၊ လူလေးရဲ့ လာရင်းကိစ္စကို ပြောပါဦး''

ဟုမေးမြန်းလေ၏။ ထိုအခါ ကျွန်ုပ်က ဘိုးသက္က၏ ရီဝေသော မျက်လုံးများကို ကြည့်၍

''ကျွန်တော်က စာရေးဆရာအလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပါတယ်''

ဟုပြောလေ၏။

ထိုအခါ ဘိုးသက္က က

''စာရေးဆရာအလုပ်က လူတွေကို အသိပညာပေးတဲ့ အလုပ်ဖြစ်တဲ့အတွက် အင်မတန် မြင့်မြတ်ပြီး တန်ဖိုးရှိတဲ့အလုပ်ပဲ''

ဟုချီးမွမ်းလေ၏။

ကျွန်တော် ဘိုးသက္က၏ မျက်နှာကိုကြည့်၍

''ကျွန်တော် ငယ်စဉ်တုန်းက ကြားခဲ့ဖူးတဲ့ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်နဲ့ ပတ်သက်ပြီး ဘိုးသက္ကဆီ ကို လာခဲ့တာသပါ။ သူနဲ့ပတ်သက်ပြီး ဘိုးသက္ကအများကြီး ပြောနိုင်မယ်ထင်ပါတယ်''

ဟု ပြောလိုက်လေ၏။ ဘိုးသက္ကသည် ကျွန်ုပ်မေးမည့် မေးခွန်းကို ရိပ်စားမိနေပုံရ၏။ ကျွန်ုပ်က ဘိုးသက္ကကို ကြည့်၍

''ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်အနေနဲ့ အလွန်ထူးခြားဆန်းကြယ်တဲ့ လူတစ်ယောက်အကြောင်းကို ရေးချင်လို့ပါ၊ ဘိုးသက္က ကူညီနိုင်ရင် ကူညီပါ''

ဟု တောင်းဆိုလိုက်လေ၏။ ဘိုးသက္ကက သက်ပြင်းချ၍

''မောင်ရင်က ဦးသာအိုရဲ့အကြောင်းကိုစိတ်ဝင်စားနေတာကိုး၊ ဦးသာအိုက ဗဒုံမင်း လက်ထက် မှာပေါ်ပေါက်ခဲ့တယ်၊ အခုဆိုရင် ဦးသာအို ကွယ်လွန်ခဲ့တာ နှစ်ပေါင်းတစ်ရာကျော် နေပြီ၊ ဦးသာအိုနဲ့ ပတ်သက်လို့ လူတွေက အမျိုးမျိုးပြောဆိုခဲ့ကြတယ်၊ အချို့က သူ့ကို အောက်လမ်းဆရာလို့ ဆိုကြတယ်၊ အချို့ကလည်း အထက်လမ်းဆရာလို့ ပြောကြတယ်၊ ပျောက်စေဆရာလို့လဲ နာမည်ကြီးတယ်၊ ကျုပ်ငယ်စဉ်တုန်းက သူ့အကြောင်းကို စိတ်ဝင်စားလို့ တော်တော်လေ့လာခဲ့ဖူးတယ်''

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍

''ဟုတ်တယ်၊ ကျွန်တော့်အမေက ဦးသာအိုအကြောင်းကို အိပ်ရာဝင်ပုံပြင်အနေနဲ့ ပြောပြခဲ့ ဖူးတယ်၊ ဒီအကြောင်းတွေကို တောင်ပေါ်ကျောင်းကိုရောက်တိုင်း ဘိုးသက္ကက ပြောပြခဲ့တယ်လို့ သိရတယ်''

ဟု ပြောလေ၏၊ ဘိုးသက္ကက သက်ပြင်းချ၍

''ကျုပ်အတွေးအခေါ် နုနယ်စဉ်က မဆင်မခြင် ပြောခဲ့မိတဲ့ စကားတွေပါ၊ အခုအချိန်မှာ ဦးသာအိုအကြောင်းကို ကျုပ်မပြောချင်တော့ဘူး''

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က စိတ်မလျှော့သေးဘဲ

''မြန်မာရာဇဝင်မှာ ဂမ္ဘီရပညာအစွမ်းရှိရက်နဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ သူတစ်ယောက် အကြောင်းကို ဖော်ထုတ်ချင်လို့ ဘိုးသက္ကဆီကို လာခဲ့တာပါ၊ ကူညီနိုင်ရင် ကူညီပါဗျာ''

ဟု တောင်းဆိုလိုက်ပြန်၏။ ဘိုးသက္ကက ခေါင်းခါယမ်း၍

''ဦးသာအိုလို လူမျိုးဟာ ရာဇဝင်မှာ တိမ်မြုပ်ပျောက်ကွယ်နေတာပဲ ကောင်းပါတယ်၊ သူ့လို လူမျိုးကို ရာဇဝင်မှာ စာမတင်ထိုက်ပါဘူး၊ ဒါနဲ့ နေပါဦး ၊ မောင်ရင်ကို မေးခွန်းတစ်ခု မေးရဦးမယ်၊ ဦးသာအိုအကြောင်းကို ရေးတဲ့အခါ လူဆိုးလူညစ်အောက်လမ်းဆရာအနေနဲ့ ရေးမှာလား၊ စိတ်သဘောထားမြင့်မြတ်တဲ့ အထက်လမ်းဆရာအနေနဲ့ ရေးမှာလား''

ဟု မေးမြန်းလိုက်လေ၏။ ဘိုးသက္က၏ အမေးကြောင့် ကျွန်ုပ်က မျက်မှောင်ကြုတ်၍

''ဒါကတော့ ဘိုးသက္ကဆီက ကြားရတဲ့ အကြောင်းအရာတွေကိုမူတည်ပြီး ကျုပ်အသိဉာဏ် နဲ့ စဉ်းစားဆင်ခြင်ပြီးရေးမှာပါ၊ ဦးသာအိုနဲ့ ပတ်သက်ပြီးတော့ တစ်ခါတရံမှာ သူ့ကိုအောက်လမ်း ဆရာကြီးတစ်ယောက်လို့ ထင်မြင်မိတယ်၊ တစ်ခါတစ်ခါလဲ သူ့ကို

အထက်လမ်းပညာ ကျွမ်းကျင်တဲ့ ဂမဏီရဆရာကြီးတစ်ယောက်လို့ ထင်မိပြန်တယ်၊ သူ့ဘဝတစ်လျှောက်လုံးထူးခြား ဆန်းကြယ်မှု တွေနဲ့ လျှို့ဝှက်နက်နဲခဲ့တာပဲ မဟုတ်လား''

ဟုပြောလိုက်လေ၏။

ထိုအခါ ဘိုးသက္ကက

''သူဟာ ကြောက်စရာကောင်းတဲ့ လူထူးလူဆန်းတစ်ယောက်ပါ၊ သူ့အကြောင်းတွေကို မောင်ရင် ရေးဖို့မဖြစ်နိုင်ပါဘူး ဒါကြောင့် လက်လျှော့လိုက်ဖို့ ပြောချင်တယ်''

ဟု ပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍

''ကျွန်တော့်ရင်ထဲမှာ ဦးသာအိုအကြောင်းတွေ ရှင်သန်နေတာကြာပြီ၊ လက်လျှော့လိုက်ဖို့ မဖြစ်နိုင်ဘူး''

ဟု ပြောလိုက်၏။ ဘိုးသက္ကက ခေါင်းခါယမ်း၍

''ဦးသာအိုအကြောင်းကို ရေးရင် မောင်ရင်အတွက် အောင်မြင်မှုထက် ဆုံးရှုံးမှုတွေ ပေးလိမ့်မယ်၊ မောင်ရင် ခေါင်းထဲမှာ ဦးသာအိုကိုထုတ်ပြီး အိမ်ပြန်ဖို့ အကြံပေးချင်တယ်''

ဟု ပြောလိုက်၏။ ကျွန်ုပ်က ဘိုးသက္က၏ တားဆီးမှုကို နားမလည်နိုင်ဟန်ဖြင့်

''ဦးသာအိုအကြောင်းကိုကျွန်တော်ရေးတာ ဘာများ ထိခိုက်မှုရှိလို့လဲဗျာ''

ဟု ပြောလိုက်ရာ ဘိုးသက္ကက ကျွန်ုပ်ကို စိတ်ပျက်ဟန်ဖြင့် ကြည့်၍

''ဦးသာအိုရဲ့အကြောင်းကို ကမ႓ာပေါ်မှာရှိတဲ့ လူတွေ လက်ခံနိုင်စရာအကြောင်းမရှိဘူးကွ၊ သူဟာ လူဆိုးလူညစ်

အောက်လမ်းဆရာတစ်ယောက်ပဲ''

ဟု ပြောလေ၏။ ကျွန်ုပ်က စိတ်မလျှော့သေးဘဲ ဘိုးသက္က၏ မျက်နှာကိုကြည့်၍

''ဘာပဲဖြစ်ဖြစ် ဦးသာအိုရဲ့အကြောင်းတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က အကြောင်းတွေပဲ၊ ဦးသာအို ကိုယ်တိုင်လဲ သေပြီပဲမဟုတ်လား''

ဟုပြောလေ၏။ ထိုအခါ ဘိုးသက္ကက အဓိပ္ပာယ်နားလည်ရန် ခက်ခဲသောအကြည့်ဖြင့် ကျွန်ုပ်ကို ကြည့်လိုက်ပြီး

''ဦးသာအိုက မိစ္ဆာဆိုးကြီးဖြစ်နေပြီ၊ မိစ္ဆာက ဘယ်တော့မှ မသေနိုင်ဘူး၊ မောင်ရင် ကျုပ်စကားကို လက်ခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ဘက်က ဘာမှပြောစရာမရှိတော့ဘူး''

ဟု ပြောလေ၏။

ဘိုးသက္ကစကားကြောင့် ကျွန်ုပ်သည် အလွန်အံ့ဩသွားပြီး

''ဦးသာအိုက မိစ္ဆာဖြစ်ပြီး ဘယ်တော့မှ မသေနိုင်ဘူး ဟုတ်လား၊ မဖြစ်နိုင်တာဘဲ ဘိုးသက္ကရယ်၊ လောကမှာ မသေနိုင်တဲ့ လူဆိုတာ ရှိမလားဗျ''

ဟု ပြောလေ၏။ ဘိုးသက္ကသည် ကျွန်ုပ်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

''မောင်ရင်က ခေတ်ပညာတတ်တစ်ယောက်ဖြစ်နေတော့ ကျုပ်စကားကို ဘယ်ယုံကြည်ပါ့မလဲ၊ ကမ႓ာလောကကြီးမှာ လျှို့ဝှက်ချက်တွေ အများကြီးရှိတယ်၊ မောင်ရင်ကို ကျုပ်ကူညီနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ ရန်ကုန်မြို့က ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွေကို သွားပြီးတော့ ဦးသာအိုရဲ့ သဲလွန်စကို ရှာဖွေဖို့ပဲ၊ ဦးသာအို ပိုင်ဆိုင်တဲ့ ပရိဘောဂပစ္စည်းတွေမှာသာအိုဆိုတဲ့ ပန်းစာလုံးကို ရေးထိုးထားတယ်၊ ဦးသာအို ပိုင်ဆိုင်တဲ့ ပရိဘောဂတွေထဲမှာ

ဦးသာအိုနဲ့ ပတ်သက် တဲ့ သဲလွန်စတွေ ရနိုင်တယ်၊ ကျုပ်ဆီကတော့ ဦးသာအိုနဲ့ ပတ်သက်လို့ ဘာမှရဖို့ မမျှော်လင့်ပါနဲ့''

ဟု ပြောလေ၏ ။

ကျွန်ုပ်သည် ဘိုးသက္ကထံမှ ဦးသာအိုနှင့် ပတ်သက်၍ မည်သည့်အကြောင်းမှ မကြားနိုင် တော့သဖြင့် စိတ်လျှော့လိုက်ပြီး

''ဒါဆိုရင် ဆရာကြီး ညွှန်ကြားတဲ့အတိုင်း ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွေမှာ ဦးသာအိုရဲ့ သဲလွန်စကို ရှာဖွေပါ့မယ်''

အခုလို လမ်းညွှန်ပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်''

ဟု ပြောလိုက်ရာ ဘိုးသက္ကက ခေါင်းညိတ်၍

''မောင်ရင် ကံကောင်းမယ်ဆိုရင် ဦးသာအိုရဲ့ လျှို့ဝှက်ပုရပိုဒ်တွေကို ရနိုင်ပါတယ်၊ မောင်ရင်ကို ဒုတိယအကြိမ် ထပ်ပြီးအကြံပေးချင်တယ်၊ ဦးသာအိုဆိုတဲ့ နာမည်ကို မေ့ပစ်လိုက်ရင် အကောင်းဆုံးပါပဲ၊ ဒါပေမယ့် မောင်ရင့် ကြည့်ရတာ အလွန်ခေါင်းမာပုံရတယ်၊ လူငယ်ပီပီ ဇွတ်တရွတ်စိတ်နဲ့ ကျုပ်စကားတွေကို နားဝင်မှာမဟုတ်ဘူး၊ တားလို့မရရင်လဲ ရှေ့ဆက်လျှောက် ကြည့်စမ်းပါ၊ ဒါပေမယ့် မောင်ရင်ရဲ့ ရလဒ်ကတော့ ကောင်းမှာမဟုတ်ဘူး၊ နောက်ဆုံးအနေနဲ့ ကျုပ်ပြောချင်တာက ရန်ကုန်မြို့၊ တာမွေ တရုတ်သင်္ချိုင်းက သချႋုင်းစောင့်အဘိုးကြီး ဦးတိတ်ဂွမ်ကို သွားတွေ့ကြည့်ပါ''

ဟု ပြောလေရာ ကျွန်ုပ်က ဘိုးသက္ကကို နားမလည်ဟန်ဖြင့် ကြည့်၍

''တရုတ်သချႋုင်းစောင့်ကြီးကို သွားတွေ့ရမယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ''

ဟု မေးမြန်းလိုက်၏ ။ ဘိုးသက္ကက အဓိပ္ပာယ်လေးနက်သော အမူအရာဖြင့်ကြည့်၍

''ဦးတိတ်ဂွမ်နဲ့တွေ့ရင် ဘိုးသက္က လွှတ်လိုက်တယ်လို့ ပြောပါ၊ မောင်ရင်ကို တစ်ခု ကူညီပါ လိမ့်မယ်၊ တာမွေ တရုတ်သချႋင်းထဲမှာ မောင်ရင်အတွက် အဘိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးရှိ တယ်။ မောင်ရင်လို လောကဓာတ်ပညာတတ်တစ်ယောက်အတွက် ထူးခြားဆန်းကြယ်မှုတွေ အများကြီး တွေ့ရလိမ့်မယ်၊ ဒီအချိန်ကစပြီး မောင်ရင့်ဘဝကို ကံဆိုးသလား ကံကောင်းသလား ကျုပ်မပြောနိုင်ဘူး၊ မောင်ရင် ကံကောင်းပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ ဒါပေမယ့် ဦးသာအိုနဲ့ ပတ်သက်တဲ့ လူတွေတိုင်း ကံမကောင်းနိုင်ကြဘူး''

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဘိုးသက္က၏ အဓိပ္ပာယ်လေးနက်သော စကားများကို နားထောင်၍ တောင်ပေါ်မှ ပြန်ဆင်းရန် ပြင်ခဲ့၏။

*

ကျွန်ုပ်သည် ရန်ကုန်မြို့သို့ ရောက်ရှိပြီး နောက်တစ်နေ့မှာပင် တရုတ်သင်္ချိုင်းစောင့်ကြီး ဦးတိတ်ဂွမ်နှင့် သွားရောက်တွေ့ဆုံလေ၏။ ဘိုးသက္ကက သချႋင်းစောင့်ကြီးနှင့်တွေ့လျှင် ထူးခြား ဆန်းကြယ်မှုများကို ကြုံတွေ့ရမည်ဆို၏။

ဦးတိတ်ဂွမ်သည် တရုတ်သင်္ချိုင်းတစ်နေရာရှိ အုတ်ဂူတစ်လုံးရှေ့တွင် ထိုင်၍ ရေနွေးကြမ်း သောက်နေလေ၏။ ကျွန်ုပ်သည်

''ကျုပ်နာမည် ရွှေတိုက်ပါ၊ ကျုပ်ကို ဘိုးသက္ကလွှတ်လိုက်တာပါ''

ဟုပြောလိုက်ရာ ဦးတိတ်ဂွမ်သည် ကျွန်ုပ်ကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး

''ဘိုးသက္ကက လွှတ်လိုက်တာကိုး၊ ကျုပ်ဆီကို ဘိုးသက္ကလွှတ်လိုက်တဲ့ လူတစ်ယောက် ရောက်လာမယ်လို့ ဘယ်တော့မှ မမျှော်လင့်ခဲ့ဘူး၊ သဘာဝတရားကြီးက အံ့ဩစရာကောင်းလိုက် တာ''

ဟု ရေရွတ်နေလေ၏။ ကျွန်ုပ်က မုတ်ဆိတ်ဖြူအိုးကြီးကို ကြည့်၍

''တရုတ်သချႋုင်းထဲမှာ ကျူပ်အတွက် အဘိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးရှိတယ်လို့ ဘိုးသက္က က ပြောတယ်''

ဟု ပြောလိုက်ရာ ဦးတိတ်ဂွမ်က ကျွန်ုပ်၏ မျက်လုံးများကိုစူးစိုက်ကြည့်၍

''ကမ႓ာပေါ်မှာရှိတဲ့ အထူးခြားဆုံးအရာတစ်ခုကို မောင်ရင် မြင်တွေ့ရမှာပါ၊ ဒီအတွေ့အကြုံ က မောင်ရင့်အတွက် တန်ဘိုးမဖြတ်နိုင်ပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာတော့ မောင်ရင် ကြည့်လို့မရဘူး ညရောက်အောင် စောင့်ရမယ်''

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဦးတိတ်ဂွမ်၏ စကားကြောင့် လွန်စါာ စိတ်ဝင်စားသွားပြီး ညသို့ရောက်အောင် စောင့်ရန် ဆုံးဖြတ်လိုက်၏။

*

ကျွန်ုပ်သည် ဦးတိတ်ဂွမ်နှင့်အတူ တရုတ်သချႋုင်းထဲရှိ ဇရပ်တစ်ဆောင်၌ သွား၍ ထိုင်ကြ၏။

ထို့နောက် ဦးတိတ်ဂွမ်က ကျွန်ုပ်၏ အလုပ်အကိုင်ကို မေးမြန်းလေရာ ကျွန်ုပ်က စာပေ ရေးသားခြင်းဖြင့် အသက်မွေးဝမ်းကြောင်းသည်ဟု ပြော၏။

ဦးတိတ်ဂွမ်က ကျွန်ုပ်စကားကို နားထောင်၍

''မောင်ရင်ဟာ ထူးခြားဆန်းကြယ်မှုကို အလိုရှိတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမဲ့ မောင်ရင့် အတွက် အန္တရာယ်အများကြီးရှိတယ်နော်၊ မောင်ရင့်ကို ကြည့်ရတာ ကျူပ်ဘယ်လိုပြောပြော နောက်ဆုတ်မဲ့လူမဟုတ်ဘူး၊ မိုးနတ်မင်းကြီးဆီမှာ ကံကောင်းပါစေလို့ ဆုတောင်းပေးရမှာပဲ''

ဟု ပြောလိုက်လေ၏။

ဦးတိတ်ငွမ်သည် သချႋုင်းဇရပ်၌ ကျွန်ုပ်နားခိုနိုင်ရန် ပက်လက်ကုလားထိုင်တစ်လုံးကို ပြင်ဆင်ပေးလေ၏။

ကျွန်ုပ်သည် ပက်လက်ကုလားထိုင်၌ ထိုင်ရင်း လူထူးလူဆန်းကြီး ဦးသာအိုအကြောင်းကို စဉ်းစားနေလေ၏

*

ငယ်စဉ်က မိခင်ပြောပြသော အိပ်ရာဝင်ပုံပြင်များ၌ ဦးသာအို၏ အံ့မခန်းအစွမ်းများပါရှိ၏။ မိခင်၏ ပုံပြင်ထဲ၌ ဦးသာအိုသည် အထက်လမ်းဆရာကြီးဖြစ်လိုက်၊ အောက်လမ်းဆရာကြီးဖြစ် လိုက်နှင့် အဆိုးအကောင်းသံသရာလည်နေလေ၏။

မည်သို့ပင်ဖြစ်စေ ဦးသာအို၏ အကြောင်းများသည် စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် မိခင် ၏ ပုံပြင်ကို ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ နားထောင်နေမိ၏။

ထို့ကြောင့်ပင် ကျွန်ုပ် စာရေးဆရာဘဝသို့ရောက်သောအခါ ဦးသာအိုအကြောင်းကို ရေး သားရန် ဆန္ဒဖြစ်ပေါ်လာခြင်းဖြစ်၏။

ထိုနေ့ ညနေစောင်းသောအခါ ကျွန်ုပ်၏ ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် တရုတ်သချႋုင်း အပြင်ဘက်သို့ထွက်၍ ခေါက်ဆွဲကြော်နှစ်ထုတ်ဝယ်ယူလေ၏။

ထို့နောက် ကျွန်ုပ်ဝယ်ယူလာသော ခေါက်ဆွဲကြော်များကို ဦးတိတ်ငွမ်နှင့်အတူစားသောက် ရန် ပြင်ဆင်လေရာ ဦးတိတ်ငွမ်က ခေါင်းခါယမ်း၍

''ကျုပ်တစ်သက်လုံး သက်သက်လွတ်ဆန်ပြုတ်သောက်နေတာပါ၊ မောင်ရင့်ဘာသာ စား ပါ''

ဟု ပြောလေရာ ခေါက်ဆွဲကြော်ကို ကျွန်ုပ်တစ်ယောက်တည်း

စားသောက်ရလေ၏။

ကျွန်ုပ်သည် ခေါင်ဆွဲကြော်စားရင်း မကြာမီကြုံတွေ့ရမည့် ထူးခြားဆန်းကြယ်မှုများကို တွေး၍ စိတ်လှုပ်ရှားနေမိ၏။ ဦးတိတ်ဝွမ်၏ အဆိုအရ ကမ႓ာပေါ်ရှိ အထူးဆန်းဆုံးအရာကို တွေ့ရှိ ရမည်ဆို၏။

ထိုအရာသည် မည်သည့်အရာဖြစ်မည်နည်း။

*

# အခန်း (၂)

ခဏကြာလျှင် ညမှောင်ရီသန်းစပြုလာသဖြင့် ဦးတိတ်ဂွမ်သည် မီးအိမ်လေးတစ်လုံးကို ထွန်းညှိလိုက်လေ၏။

ကျွန်ုပ်သည် ဇရပ်အပြင်သို့ လှမ်းမျှော်ကြည့်လိုက်ရာ အမှောင်ထဲရှိ အုတ်ဂူများကိုကြည့်၍ ကျောချမ်းသလို ဖြစ်သွားမိ၏။ ထို့ကြောင့် ဦးတိတ်ဂွမ်ဘက်သို့လှည့်၍

''ထူးခြားဆန်းကြယ်မှုတွေကို ကျုပ်တို့ဘယ်အချိန်တွေ့ရမှာလဲ''

ဟု မေးမြန်းလိုက်၏။

ဦးတိတ်ဂွမ်က ကျွန်ုပ်ကိုကြည့်၍ ရယ်မောကာ

''သချႋုင်းထဲမှာ အမှောင်ဖုံးလာလို့ မောင်ရင်ကြောက်နေပြီလား၊ အလင်းနဲ့အမှောင် ကွာခြားသွားရုံနဲ့ သချႋုင်းဟာ ဘာမှပြောင်းလဲမှုမရှိပါဘူး၊ မကြောက်ပါနဲ့မောင်ရင်၊ လူသေတွေက မောင်ရင့်ကိုဒုက္ခမပေးပါဘူး၊ လောကမှာ ကြောက်စရာအကောင်းဆုံးက လူရှင်တွေပါ''

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဦးတိမ်ဂွမ်၏ စကားကြောင့် အနည်းငယ် ရှက်ရွံ့သလိုဖြစ်သွားပြီး

''ဦးတိတ်ဂွမ်က သချႋုင်းစောင့်လုပ်နေတော့ သချႋုင်းထဲမှာ သရဲတွေဘာတွေ မတွေ့ဖူးဘူးလား''

ဟု မေးမြန်းလေ၏

ထိုအခါဦးတိတ်ဂွမ်က ခေါင်းခါယမ်း၍

''ကျုပ် ဒီသချႋုင်းမှာ နေတာ နှစ်ပေါင်း ငါးဆယ်ကျော်နေပြီ တစ်ခါမှ သရဲမတွေ့ဖူးဘူး''

ဟု ပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

''ဒါဆိုရင် လောကမှာ သရဲတစ္ဆေတွေဆိုတာ အမှန်တကယ်ရှိဘူးပေါ့''

ဟု မေးမြန်းလေ၏ ။ ဦးတိတ်ဂွမ်က သက်ပြင်းချ၍

''သရဲမတွေ့ဖူးဘူးလို့ ကျုပ်ပြောတာနော်၊ သူရဲမရှိဘူးလို့ ကျုပ်မပြောဘူး''

ဟု ပြောလေရာ ကျွန်ုပ်သည် အနည်းငယ် ရင်ထိတ်သွားပြန်ပြီး

''ဒါဆိုသချႋုင်းမှာ သရဲရှိတယ်ပေါ့''

ဟု မေးမြန်းလိုက်၏ ။

ဦးတိတ်ဂွမ်က ရယ်မော၍

''မောင်ရင့်စိတ်က အဓိကပါပဲ၊ သရဲရှိရင် ရှိတယ်ပေါ့၊ မရှိရင်လဲ မရှိဘူးလို့ မှတ်လိုက်ပေါ့''

ဟု ပြောလေ၏ ။

ဦးတိတ်ဂွမ်၏ စကားကြောင့် ကျွန်ုပ်သည် ကြောက်ရမလို ရဲဝံ့ရမလို ဖြစ်သွားလေ၏ ။

ဤသို့ဖြင့် ညနက်သန်းခေါင်အချိန်သို့ရောက်သောအခါ ဦးတိတ်ဂွမ်က မီးအိမ်နီလေးကို ဇရပ်မှ ဖြုတ်၍

''အချိန်ကျပြီ၊ ကျုပ်တို့သွားကြမယ်၊ မောင်ရင်ဟာ မကြာမီအချိန်အတွင်းမှာ ကမ္ဘာပေါ်မှာ အထူးခြားဆုံး အရာတစ်ခုကို မြင်တွေ့ရမယ်၊ မောင်ရင်သိပ်ကံကောင်းတယ်''

ဟု တီးတိုးပြောလေ၏။

ကျွန်ုပ်က စိတ်လှုပ်ရှားစွာဖြင့် ဦးတိတ်ဂွမ်ကိုကြည့်၍

''ကျုပ်တို့ ဘယ်ကိုသွားမှာလဲ''

ဟု မေးမြန်းလိုက်၏။

ဦးတိတ်ဂွမ်က ကျွန်ုပ်ဘက်သို့လှည့်၍

''သချႋင်းတစ်နေရာက အုတ်ဂူဟောင်းတစ်လုံးဆီကို သွားကြမယ်''

ဟု ပြောလေ၏။

ဦးတိတ်ဂွမ်၏ စကားကြောင့် ကျွန်ုပ်က မျက်မှောင်ကြုတ်၍

''အုတ်ဂူဟောင်းဟုတ်လား၊ အုတ်ဂူထဲက လူသေက ကမ္ဘာပေါ်မှာ အထူးဆန်းဆုံး အရာဖြစ်နိုင်ပါ့မလား''

ဟု ပြောလေ၏။

ဦးတိတ်ဂွမ်က ကျွန်ုပ်ကိုကြည့်၍

''အုတ်ဂူထဲမှာလူသေရှိရမယ်လို့ မောင်ရင့်ကို ဘယ်သူပြောသလဲ၊ အကောင်းဆုံးက မောင်ရင် ပါးစပ်ပိတ်ပြီးကျုပ်နောက်ကို လိုက်ခဲ့ပါ''

ဟု ပြောလေ၏။

*

ဦးတိတ်ဂွမ်သည် မီးအိမ်နီလေးကို ကိုင်ဆွဲ၍ အုတ်ဂူများကြားသို့

ဦးဆောင်ပြီး သွားနေလေ၏ ။

ညဥ့်နက်သန်းခေါင်အချိန် သချႋုင်းစောင့်ကြီးအနောက်သို့ တကောက်ကောက် လိုက်နေ သော ကျွန်ုပ်၏ အဖြစ်သည် မှားယွင်းမှု တစ်ခုလေလားမသိ။

ထိုအခိုက်မှာပင် သချႋုင်းထဲရှိ ခွေးတစ်အုပ်က ဆွဲဆွဲငင်ငင် အူလိုက်သဖြင့် ကျွန်ုပ်၏ ကျော ထဲ၌ စိမ့်ခနဲဖြစ်သွားလေ၏ ။

ဦးတိတ်ဂွမ်သည် အုတ်ဂူများကြား၌ ပွေ့ဝိုက်၍ သွားလာနေဆဲဖြစ်၏ ။

ဦးတိတ်ဂွမ်သည် သချႋုင်းစောင့်ပီပီ အုတ်ဂူများအကြား၌ ကျွမ်းကျွမ်းကျင်ကျင် သွားလာနေ သော်လည်းကျွန်ုပ်အတွက် များစွာ အခက်အခဲရှိ၏ ။

ကျွန်ုပ်သည် ခလုပ်ကန်သင်းများကို တိုက်မိပြီး မကြာခဏ လဲကျလုမတတ်ဖြစ်နေ၏ ။

တရုတ်သချႋုင်းဝင်းကြီးသည် ကျယ်ဝန်းလှသဖြင့် ကျွန်ုပ်တို့ သွားလိုရာနေရာသို့ အလွယ်တကူ မရောက်နိုင်သေးချေ။

ကျွန်ုပ်သည် မကြာခဏ ခလုတ်တိုက်နေသဖြင့် မျက်နှာရှုံ့မဲ့ကာ

''မရောက်သေးဘူးလား ဦးတိတ်ဂွမ်''

ဟု မေးမြန်းလိုက်၏ ။

ဦးတိတ်ဂွမ်က ကျွန်ုပ်ကိုစောင့်ခေါ်၍

''ရောက်တော့မှာပါ၊ ရှေးဟောင်းဂူနဲ့ နီးနေပါပြီ''

ဟု ပြောလေ၏ ။

ဤသို့ဖြင့် တရုတ်သချႋုင်းထဲ၌ လှည့်လည်နေပြီးနောက် ဦးတိတ်ဂွမ်က

လွှန်စွာကြီးမားသော ဂူကြီးတစ်လုံးရှေ့၌ ရပ်ကာ

"ကျုပ်တို့ရှာနေတာ ဒီဂူကြီးပဲ"

ဟုဆိုကာ အုတ်ဂူရှိရာသို့ မီးအိမ်ကြီးကို မြှောက်ပြလိုက်၏။

ကျွန်ုပ်က အုတ်ဂူအရှေ့ရှိ စကျင်ကျောက်ပြားပေါ်၌ ရေးထိုးထားသော တရုတ်စာများကို နားမလည်ဟန်ဖြင့်

"အုတ်ဂူမှာ ဘာတွေရေးထားတာလဲ ဦးတိတ်ဂွမ်"

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ဦးတိတ်ဂွမ်က

"တရုတ်လို လနတ်သမီးလို့ အဓိပ္ပာယ်ရတယ်၊ မြန်မာလို ဆိုရင်တော့ စန္ဒာဒေဝီပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ဒီဂူကြီးက စန္ဒာဒေဝီဆိုတဲ့ တရုတ်မရဲ့ ဂူပေါ့၊ ကျုပ်တို့ ညဉ့်နက်သန်းခေါင် အချိန်မတော် ကြီးမှာ တရုတ်မတစ်ယောက်ရဲ့ အုတ်ဂူကို လာကြည့်တာ ဘာအဓိပ္ပာယ်ရှိလို့လဲဗျ၊ ဦးတိတ်ဂွမ်တို့ ပြောတဲ့ ကမ္ဘာပေါ်မှာရှိတဲ့ အထူးဆန်းဆုံးအရာဆိုတာ ဒါပဲလား"

ဟု မေးမြန်းလိုက်ရာ ဦးတိတ်ဂွမ်က ကျွန်ုပ်၏ မျက်နှာကို လေးနက်ဟန်ဖြင့်ကြည့်၍

"စန္ဒာဒေဝီဆိုတဲ့ မိန်းကလေးဟာ နန်းတွင်းက အပျိုတော်လေးတစ်ယောက်ပဲ၊ သူ့ကို လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က မြှုပ်နှံထားခဲ့တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က မျက်နှာရှုံ့မဲ့၍

''ဟုတ်ပါပြီ၊ နှစ်တစ်ရာကျော်က အုတ်ဂူပျက်ကြီးကို ကြည့်ပြီး ကျုပ်ဘာလုပ်ရမှာလဲ၊ အရိုးဆွေးနေတဲ့ မိန်းမတစ်ယောက်ရဲ့ အုတ်ဂူမှာ ဘာတွေများအံ့ဩစရာတွေ့မှာလဲ၊ ကျုပ်အမြင် တော့ ဟောင်းနွမ်းဆွေးမြေ့မှုတွေပဲ တွေ့တယ်''

ဟု ပြောလိုက်၏။ ဦးတိတ်ငွမ်က အုတ်ဂူပျက်ကြီးကိုကြည့်၍

''စန္ဒာဒေဝီရဲ့ ခိုနားရာနေရာလေးကို ဒုတိယအကြိမ်မြောက် အနှောက်အယှက်ပေးသလို ဖြစ်နေပြီ၊ ခွင့်လွှတ်ပါ စန္ဒာဒေဝီ''

ဟု တီးတိုးရေရွတ်လိုက်ရာ ကျွန်ုပ်က ဦးတိတ်ငွမ်ကို ရူးသွပ်နေသလောဟု ထင်မြင်မိလိုက် ၏။

မိမိကိုယ်မိမိ အမှားကြီးမှားပြီဟု ယူဆလိုက်မိ၏။ ဦးတိတ်ငွမ်သည် ကျွန်ုပ်၏ စိတ်ကို ထွင်း ဖောက်မြင်ဟန်ဖြင့်

''ကျုပ်ကို ရူးသွပ်နေတဲ့ သချႋင်းစောင့်ကြီးလို့ ထင်နေပြီလား၊ စန္ဒာဒေဝီဟာ အမှန်တကယ် သေဆုံးခဲ့ရင်တော့ အံ့ဩစရာဘာမှမရှိဘူးပေါ့''

ဟု ဆိုလိုက်ရာ ကျွန်ုပ်က ဦးတိတ်ငွမ်ကို နားမလည်ဟန်ဖြင့် ကြည့်၍

''အဲဒီ တုန်းက စန္ဒာဒေဝီဆိုတဲ့ မိန်းမက မသေဘူးဟုတ်လား၊ မသေရင်ဘာဖြစ်လို့ အုတ်ဂူလုပ်တာလဲ၊ ဒီအုတ်ဂူဟာ ဟန်ဆောင်မှုတစ်ခုလား၊ ဒါဆိုရင်လဲ အံ့ဩစရာ သိပ်မကောင်း သေးပါဘူး''

ဟု ပြောလေ၏။ ထိုအခါ ဦးတိတ်ငွမ်က မီးအိမ်မြှောက်၍

''မောင်ရင့်ကို စကားတွေ ရှည်ရှည်ဝေးဝေးပြောရတာ ထက်စာရင် လက်တွေ့ပြတာ ပိုကောင်း လိမ့်မယ်၊ ဒါကြောင့် စန္ဒာဒေဝီရဲ့ အုတ်ဂူကို ဖွင့်ကြည့်ကြမယ်၊ စန္ဒာဒေဝီကို အနှောင့် အယှက်ပေးရတော့ စိတ်မကောင်းပါဘူး''

ဟု ဆိုလိုက်ရာ ကျွန်ုပ်က ကမန်းကတန်း လက်ကာ၍

''နေပါစေဗျာ၊ ညကြီးအချိန်မတော် ကြည့်မနေပါနဲ့တော့၊ ကျုပ်တို့ ပြန်ကြရအောင်''

ဟု တားဆီးလိုက်လေ၏။

သို့သော် ဦးတိတ်ဂွမ်သည် ကျွန်ုပ်စကားကို ဂရုမထားတော့ဘဲ ကမ္ပည်းရေးထိုးထားသော စကျင်ကျောက်ပြားကို သံတူရွင်းနှင့် ကော်လိုက်ရာစကျင်ကျောင်ပြားသည် အလွယ်တကူ ပွင့်ထွက် သွားလေ၏။

ထိုအခါ မီးအိမ်အလင်းရောင်ဖြင့် စကျင်ကျောက်ပြားအနောက်၌ သံတံခါးတစ်ချပ်ရှိ ကြောင်း အံ့သြဖွယ်တွေ့ရ၏။

ဦးတိတ်ဂွမ်က သံတံခါးကို ခွန်အားစိုက်၍ ဖွင့်လိုက်ရာ အလွယ်တကူ ပွင့်သွားလေ၏။

ထိုအခါ အုတ်ဂူကြီးထဲတွင် အဖြူရောင်ကျောက်သားဖြင့် ပြုလုပ်ထားသော ကျောက် သေတ္တာကြီးတစ်လုံးကို တွေ့ရ၏။

ဦးတိတ်ဂွမ်သည် ကျောက်သေတ္တာကို ဆွဲထုတ်လိုက်ရာ သေတ္တာအောက်၌ ဘီးတပ်ထား သဖြင့် အလွယ်တကူ ထွက်လာလေ၏။

ပြီးနောက် ကျွန်ုပ်ဘက်သို့ လှည့်၍

''ကျောက်သေတ္တာအဖုံးကို ဖွင့်ပြီးပြမယ်၊ အထဲမှ ဘာရှိသလဲဆိုတာ မောင်ရင် သေသေ ချာချာ လေ့လာပေတော့''

ဟု ဆိုကာ ကျောက်သေတ္တာ၏ အဖုံးကို အင်အားသုံး၍ ဖွင့်လေရာ တရွေ့ရွေ့ပွင့်သွားလေ ၏။

ကျုပ်သည် ဟောင်းနွမ်းဆွေးမြေ့နေသော အရိုးစုတစ်စုကို ကြည့်ရှုလိုစိတ်မရှိချေ။

ထို့ကြောင့် စိတ်လက် မကြည်သာစွာဖြင့် မျက်နှာလွှဲထားမိလေ၏။

ဦးတိတ်ငွမ်သည် ကျောက်သေတ္တာအဖုံးကို ဖွင့်လိုက်ပြီးနောက် မီးအိမ်ကို ကိုင်မြှောက်၍

''ကမ္ဘာပေါ်မှာရှိတဲ့ ထူးခြားဆန်းကြယ်ဆုံးအရာကို မောင်ရင်တွေ့မြင်နိုင်ပြီ၊ ဒီအတွေ့အကြုံဟာ မောင်ရင့်လို စူးစမ်းရှာဖွေချင်တဲ့ လူတစ်ယောက်အတွက် တန်ဖိုးမဖြတ် နိုင်ပါဘူး''

ဟု ပြောဆိုလေရာ ကျွန်ုပ်သည် စိတ်မပါဘဲ ကျောက်သေတ္တာကို လှမ်းကြည့်လိုက်လေ၏ ။

ထိုအခါ ကျောက်သေတ္တာထဲတွင် မြင်ရသောအရာကြောင့် မိမိမျက်လုံးကိုပင် မယုံနိုင် အောင် ဖြစ်သွားပြီး ဟာခနဲ အော်ဟစ်လိုက်မိလေ၏ ။

*

ကျောက်သေတ္တာထဲ၌ မိန်းမလှလေးတစ်ယောက် လဲလျောင်းနေကြောင်း အံ့သြဖွယ် တွေ့ လိုက်ရ၏ ။

ကျွန်ုပ်သည် ဟောင်းနွမ်းဆွေးမြေ့နေသော အရိုးစုကြီးကို မြင်တွေ့ရမည်ဟု မျှော်လင့်ထား ပြီး ပကတိ နုပျိုလတ်ဆတ်သော မိန်းမလှလေးတစ်ယောက်ကို မြင်ရသဖြင့် မျက်လုံးပြူးသွားလေ ၏ ။

မိန်းမလှလေးသည် လူသေတစ်ယောက်နှင့်မတူဘဲ သက်ရှိထင်ရှား လူသားတစ်ဦး အိပ်စက်နေသကဲ့သို့ရှိ၏ ။

သူမ၏ နီမြန်းသော နှုတ်ခမ်းအစုံကို ဖွင့်ဟ၍ ယခုပင် စကားထပြောတော့မယောင် ထင်မြင်ရလေ၏ ။

မိန်းမလှလေး၏ အသားအရည်မှာ သေသူတစ်ဦးကဲ့သို့ ပြာနှမ်းနှမ်းဖြစ်မနေဘဲ ရွှေရောင် ကဲ့သို့ ဝင်းဝါစိုပြည်နေ၏ ။

သူမ၏ ရှည်လျားသော ပိတုန်းရောင်ကေသာများကို ရင်နှစ်မွှာပေါ်သို့

ဖြန့်တင်ထား၏။

သူမ၏ ကိုယ်ခန္ဓာပေါ်တွင် ရှေးခေတ်နန်းတွင်းသူတစ်ဦးကဲ့သို့ ဝတ်ဆင်ထားလေ၏။

ကျွန်ုပ်သည် မိန်းမလှလေး၏ ဝင်းဝါစိုပြည်ပြီး မို့မောက်နေသော ရင်နှစ်မွှာကိုပင် ပိုးတဝါး မြင်တွေ့ရလေ၏။

ထိုမိန်းမလှလေးသည် 'အသက်ကင်းမဲ့သော အလောင်းကောင် တစ်ကောင်'ဟု ဆိုနေလေ၏။

ထိုအကြောင်းပြချက်သည် ယုတ္တိကင်းမဲ့သော အကြောင်းပြချက်ပင်ဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က သေသူတစ်ဦး၏ ရုပ်ခန္ဓာသည် ယခုမြင်တွေ့ရသော ရုပ်ခန္ဓာမဖြစ်နိုင်ချေ။

ကျွန်ုပ် အလှည့်စားခံခြင်းသာ ဖြစ်နိုင်ချေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သချႋုင်းစောင့်ကြီးကို ဒေါသတကြီးကြည့်၍

''ကျုပ်ကို ဒီလိုလှည့်စားလို့ ဘယ်ရမလဲဗျာ၊ ကမ္ဘာပေါ်မှာရှိတဲ့ အထူးခြားအဆန်းကြယ်ဆုံး အရာ ဟုတ်လား၊ ဖယောင်းရုပ်တစ်ရုပ်နဲ့ကျုပ်ကို လှည့်စားလို့ရမလားဗျ၊ ဖယောင်းရုပ်တစ်ရုပ်ကို လူသေလို့ လက်ခံရအောင် ကျုပ်က အရူးလားဗျ''

ဟု ပြောလိုက်ရာ ဦးတိတ်ဂွမ်သည် ကျွန်ုပ်၏ စကားကြောင့် မကျေမချမ်းဖြစ်သွားပြီး ကျောက်သေတ္တာ၏ အဖုံးကို ဝုန်းခနဲ ပိတ်ချလိုက်၏။

ကျွန်ုပ်သည် ချောမောလှပသော စန္ဒာဒေဝီ၏ မျက်နှာကို နောက်ဆုံးအနေဖြင့် ရိပ်ခနဲ မြင် တွေ့လိုက်ရ၏။

ထို့ကြောင့် ဦးတိတ်ဂွမ်၏ အပြုအမူကို ပိုမို၍ ဒေါသပုန်ထသွားပြီး

''သြော် . . . ဖယောင်းရုပ်ထုဆိုတာ ပေါ်သွားမှာစိုးလို့ ကျောက်သေတ္တာကို ပိတ်လိုက်တာ ပေ့ါ၊ ကမ္ဘာကျော် ဖယောင်းရုပ်ထုတွေဟာ လူနဲ့ခွဲမရအောင်တူတယ်ဆိုတဲ့ ဗဟုသုတတွေ ကျုပ်ဆီမှာရှိတယ်ဗျ၊ ဘိုးသက္ကတို့ရဲ့ လိမ့်လုံးဖြီးလုံးတွေကခေတ်မမီတော့ဘူး၊ ကျုပ်ကို လိမ်ညာ လှည့်ဖြားပြီး ဘယ်လောက်များရမယ်လို့ ယူဆထားလို့လဲ''

ဟု ပြောဆိုလိုက်လေ၏။

ကျွန်ုပ်စကားကြောင့် ဦးတိတ်ဂွမ်က အံကို တင်းတင်းကြိတ်၍

''ဒီမှာ မောင်ရင်၊ မင်းဟာ ခေတ်ပညာလေး မတောက်တခေါက်တတ်တာနဲ့ အရာရာကို အထင်သေးနှိမ့်ချတဲ့အကြည့်နဲ့ ကြည့်နေတာကိုး၊ မင်းလိုလူတစ်ယောက်ကို လိမ်ညာလှည့်ဖြားရင် ပိုက်ဆံကလွဲလို့ ဘာများရနိုင်မှာလဲ၊ ပိုက်ဆံဟာ ငါလိုလူတစ်ယောက်အတွက် ဘာမှ အသုံးမဝင်ဘူးကွ၊ စန္ဒာဒေဝီဆိုတဲ့ မိန်းကလေးဟာပဒုံမင်း လက်ထက်က ထင်ရှားကျော်ကြားတဲ့ နန်းတွင်းသူ လေးတစ်ယောက်ပဲ၊ စန္ဒာဒေဝီရဲ့ အလှဂုဏ် သတင်းကြောင့် နန်းတွင်းက မင်းညီမင်းသားတွေ ဝိုင်းဝိုင်းလည်နေခဲ့တယ်၊ ဒါပေမဲ့ စန္ဒာဒေဝီဟာ အချစ်စစ် အချစ်မှန်ကိုသာ တန်ဖိုးထားတဲ့အတွက် ဘယ်သူရဲ့ မေတ္တာကိုမှ လက်မခံဘူး၊ စန္ဒာဒေဝီကို အရူးအမူး နှစ်သက်နေသူတွေထဲမှာ ဦးသာအိုလဲတစ်ယောက်အပါအဝင်ပေ့ါ၊ စန္ဒာဒေဝီဟာ ဦးသာအိုကို ငြင်းဆန်ခဲ့တဲ့အတွက် ရန်ငြိုးဖွဲ့ခြင်းခံရ ခဲ့တယ်၊ တစ်နေ့တော့ စန္ဒာဒေဝီဟာ သူရဲ့နေအိမ်မှာ အိပ်စက်ရင်း ထူးဆန်းစွာ ပျောက်ဆုံးသွား ခဲ့တယ်၊ နောက်တစ်နေ့ကို ရောက်တော့ စန္ဒာဒေဝီဟာ ဦးသာအိုရဲ့ အိပ်ခန်းဆောင်ကြီးထဲမှာ လဲကျနေတာကိုတွေ့ရတယ်၊ စန္ဒာဒေဝီဟာ ဦးသာအိုရဲ့ အိပ်ခန်းဆောင်က ကြေးမုံမှန်ကြီးကို ကြည့်ရှုရင်း လဲကျနေတာတဲ့။ ဒီကိစ္စအတွက် ဦးသာအိုကိုစွပ်စွဲလို့လဲ မဖြစ်နိုင်ဘူး၊ အဲဒီ အချိန်မှာ ဦးသာအိုဟာ ပဒုံမင်းရဲ့ နန်းတွင်းမှာရောက်နေပြီး ပဒုံမင်းရဲ့ ကံကြမ္မာကို ဖတ်ရှုပေးနေခဲ့တယ်၊ ဦးသာအိုဟာ နက္ခတ်ဗေဒင် ပညာကို ကျွမ်းကျင်ပြီးပဒုံမင်းမတိုင်မီက

ဖောင်ကားစားမောင်မောင်ကို ထီးနန်း ၆ ရက်သာ သိမ်းပိုက်နိုင်အောင် အခါတော်ပေးခဲ့တယ်လို့ အဆိုရှိခဲ့တယ်''

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဦးတိတ်ဂွမ်၏ စကားများကို မယုံနိုင်ဟန်ဖြင့် နားထောင်နေမိ ၏။ အံ့ဩဖွယ်ကောင်းလွန်းပေစွ။

*

ကျောက်သေတ္တာထဲရှိ ရုပ်အလောင်းသည် မိန်းမလှလေး၏ ရုပ်ခန္ဓာအစစ်အမှန် ဖြစ်သည်ဆို၏။

ဦးတိတ်ဂွမ်က ဆက်လက်၍

''စန္ဒာဒေဝီရဲ့ မိဘနှစ်ပါးက သမီးလေးကို သမားတော်အမျိုးမျိုးနဲ့ပြပြီး စမ်းသပ်စစ်ဆေးခဲ့ တယ်၊ စန္ဒာဒေဝီရဲ့ ရုပ်ခန္ဓာဟာ အလွန်ထူးခြားတဲ့ အခြေအနေမှာရှိနေတယ်၊ သူဟာ အိပ်ပျော်နေသလိုပဲ ငြိမ်သက်နေတယ်၊ ဒါပေမယ့် အသက်မရှူနိုင်တော့ဘူး၊ နှစ်ပေါင်းများစွာကြာ တဲ့အထိ နိုးထမလာဘူး''

ဟု ပြောလေရာ ကျွန်ုပ်က မယုံကြည်ဟန်ဖြင့်

''သူ့ရဲ့ ကိုယ်ခန္ဓာမှာ ဒဏ်ရာဒဏ်ချက်မရှိဘူးလား၊ သူဘာကြောင့် ဒီလိုအိပ်ပျော်သွားရ တာလဲ''

ဟု မေးမြန်းလေ၏။ ဦးတိတ်ဂွမ်က ခေါင်းခါယမ်း၍

''ကိုယ်ခန္ဓာမှာ ဒဏ်ရာဒဏ်ချက်တွေ မတွေ့ရဘူး၊ သူ့ရဲ့ ရောဂါဝေဒနာဟာ ထူးခြားလွန်းလို့ သမားတော်ကြီးတွေ လက်မှိုင်ချရတယ်၊ မိန်းကလေးရဲ့ ရောဂါဝေဒနာနဲ့ပတ်သက် လို့ အောက်လမ်းဆရာ ဦးသာအိုကို သံသယရှိပေမဲ့ ဘယ်သူမှ လက်ဆုပ်လက်ကိုင် မပြရဲဘူး၊ နောက်ဆုံးတော့ စန္ဒာဒေဝီရဲ့ မိဘနှစ်ပါးဟာ သမီးလေးရဲ့ ရုပ်ခန္ဓာကိုပဲ တစ်သက်လုံး ထိန်းသိမ်းခဲ့ ရတယ်၊ ဒီလိုနဲ့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းရာကနေ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်တော့

တရုတ်ဘုံကျောင်းရဲ့ အကူအညီနဲ့ ဒီမှာ ထိန်းသိမ်းခဲ့တာပဲ၊ စန္ဒာဒေဂီရဲ့ ရုပ်ခန္ဓာဟာ ပုပ်သိုးသွား ခြင်းလဲမရှိဘူး၊ ၁၇၈၅ ခုနှစ်ကနေ ဒီနေ့အထိ ဒီပုံစံအတိုင်းပဲ ရှိနေတယ်''

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းခါယမ်းလိုက်ပြီး

''စိတ်ကူးယဉ်ဒဏ္ဍာရီတစ်ပုဒ်ဖြစ်နေပြီ၊ ဒီနေ့ည ကျုပ်ကြုံတွေ့ခဲ့တာ၊ အိပ်မက်များဖြစ်နေပြီ လား''

ဟု ရေရွတ်လိုက်လေ၏ ။ ဦးတိတ်ဂွမ်က သက်ပြင်းချ၍

''အိပ်မက်မဟုတ်ပါဘူး၊ တကယ့်အဖြစ်အပျက်ပါ၊ စန္ဒာဒေဂီဟာ ကံဆိုးစွာနဲ့ပဲ ဦးသာအိုရဲ့ ပြုစားခြင်းကို ခံလိုက်ရတာ ပါ၊ မြို့ဝန်သာအိုဟာ စန္ဒာဒေဂီကို ရန်ငြိမ်းဖွဲ့ပြီး လက်စားချေမယ်လို့ ကြုံးဝါးခဲ့ဖူးတယ်၊ မိန်းကလေးဟာ ဝဋ်ကြွေးရှိသရွေ့တော့ ခံရဦးမှာပဲ၊ ဒါပေမယ့် တစ်နေ့နေ့ပ တစ်ချိန်ချိန် သူ့ရဲ့ဝဋ်ကြွေးကြေတဲ့အချိန်မှာ သူရုပ်ခန္ဓာအသစ်ပြန်ဖြစ်လိမ့်မယ်၊ ကဲ . . .ဒီနေ့ည တော့ အချိန်မရှိတော့ဘူး၊ ကျုပ်တို့ ပြန်ကြရအောင်''

ဟု ဆိုလိုက်ရာ ကျွန်ုပ်သည် စန္ဒာဒေဂီ၏ ရုပ်ခန္ဓာကို ဆက်လက်ကြည့်ရှုချင်သောကြောင့် ဦးတိတ်ဂွမ်အား

''နေပါဦး ဦးတိတ်ဂွမ်၊ ကျုပ် စန္ဒာဒေဂီကို ကြည့်ချင်သေးတယ်''

ဟု တောင်းဆိုလိုက်လေ၏ ။ ကျွန်ုပ်သည် စန္ဒာဒေဂီ၏ ရုပ်ခန္ဓာအနီးမှ မခွာနိုင်သကဲ့သို့ ဖြစ်နေပြီး တစ်စုံတစ်ရာက ဆွဲဆောင်ထားသကဲ့သို့ရှိနေ၏ ။

သို့သော် ဦးတိတ်ဂွမ်က ကျွန်ုပ်၏ စကားကို နားမဝင်ဟန်ဖြင့် မီးအိမ်နီလေးကို ကိုင်ဆွဲ၍ အုတ်ဂူပျက်အနီးမှ ထွက်သွားလေ၏ ။

ကျွန်ုပ်သည် စန္ဒာဒေဂီ အနီးမှ မခွာနိုင်ဘဲ အုတ်ဂူပျက်ကြီးကို နောက်တစ်ကြိမ်ဖွင့်၍ ကြည့်ရှုလိုစိတ်များဖြစ်ပေါ်နေ၏ ။

သို့သော် ဦးတိတ်ဂွမ်၏ ခွင့်ပြုချက်မရဘဲ ကျူးလွန်ရန် မသင့်တော်သဖြင့် စန္ဒာဒေဝီ၏ အုတ်ဂူပျက်ကြီးမှ ထွက်ခွာလာခဲ့လေ၏ ။

*

ထိုနေ့ညသည် ကျွန်ုပ်အတွက် ထူးခြားဆန်းကြယ်ဆုံး ညတစ်ညဖြစ်ခဲ့၏ ။ မနေ့ည ကြုံတွေ့ခဲ့သော မယုံနိုင်ဖွယ် အဖြစ်အပျက်များသည် ကျွန်ုပ်ကို ညပေါင်းများစွာ အိပ်မရနိုင်မှာ သေချာသည်။

ထိုနေ့မှစ၍ ကျွန်ုပ်မျက်ဝန်းထဲ၌ စန္ဒာဒေဝီ၏ လဲလျောင်းနေသော ရုပ်ခန္ဓာလေးကိုသာ မြင် ယောင်နေမိ၏ ။ သူမဘဝအမြန်ဆုံး ရှင်သန်နိုင်ပါစေလို့ အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိ၏ ။

ကျွန်ုပ်သည် နေ့ပေါင်းများစွာ စန္ဒာဒေဝီကို ထုတ်မရတော့ချေ။ နောက်ဆုံး၌ စန္ဒာဒေဝီသည် ဦးသာအို၏ ရန်ငြိုးရန်စများကြောင့် ကျိန်စာသင့်ခဲ့သည်ဆိုသဖြင့် ဦးသာအိုနှင့် ပတ်သက်သော သံလွှန်စများကို ဆုံးခန်းတိုင်အောင် လိုက်ရန် ဆုံးဖြတ်လိုက်၏ ။

ဘိုးသက္ကက ဦးသာအိုနှင့် ပတ်သက်သော သဲလွန်စများကို ရန်ကုန်မြို့ရှိ ရှေးဟောင်း ပစ္စည်း အရောင်းဆိုင်များ၌ ရှိနိုင်သည်ဆို၏ ။ ထို့ကြောင့် ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ၌ လှည့်လည်ရှာဖွေရန် ဆုံးဖြတ်လိုက်၏ ။

ကျွန်ုပ်သည် ရန်ကုန်မြို့အနှံ့ရှိ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်များ၌ လိုက်လံရှာဖွေရာ ဦးသာအို၏ ပစ္စည်းများကို ပြင်သစ်လူမျိုး ဝါသနာအိုးတစ်ဦးက ဝယ်ယူသွားကြောင်းသိရ၏ ။

တစ်နေ့သ၌ ရှေးဟောင်းပစ္စည်းလေလံပွဲတစ်ခုရှိသည်ဟု ကြားရသဖြင့် ဂျူဗလီဟော ခန်းမ သို့သွား၍ ကြည့်ရှုလေ၏ ။ သို့သော် ထိုပစ္စည်းများထဲတွင် ဦးသာအို၏ ပစ္စည်းများမပါရှိချေ။

ထိုသို့ လှည့်လည်ရှာဖွေရင်း ကျွန်ုပ်သည် ရှေးဟောင်းပစ္စည်းများနှင့် ရင်းနှီးစပြုလာ၏ ။

ရှေးဟောင်းပစ္စည်းများကို တန်ဘိုးထားရကောင်းမှန်းလည်း သိရှိလာ၏ ။

*

တစ်နေ့သ၌ ကြည့်မြင်တိုင်ဘက်ရှိ တိုလီမိုလီအရောင်းဆိုင်လေး၌ ထူးခြားသော ကြေးမုံမှန် တစ်ချပ်ကို တွေ့ရှိခဲ့လေ၏ ။ ထိုဆိုင်၏ ပိုင်ရှင်မှာ လွန်စွာပိန်လှီသော ဂျူးအဘိုးကြီးတစ်ဦးဖြစ်၏ ။

ဂျူးအဘိုးကြီးသည် မြန်မာရာဇဝင်ကို ကျွန်ုပ်ထက် ပိုမို၍ ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတတ် ၏ ။

ဂျူးအဘိုးကြီးက လွန်စွာ ရှေးကျသော ဆေးတံကြီးကိုခဲရင်း

''ကျုပ်ဆီမှာ ဆရာလေး စိတ်ဝင်စားမဲ့ ပစ္စည်းတစ်ခုရှိတယ်၊ ဒီပစ္စည်းကြောင့် ဆင်ဝန် မောင်ပေါက်ဟာ ကိုယ့်ကိုယ်ကိုယ်ပြတင်းပေါက်က အဆုံးစီရင်သွားခဲ့တယ်''

ဟုပြောလေရာကျွန်ုပ်သည် အလွန်စိတ်ဝင်စားသွားပြီး

''ရှေးဟောင်းပစ္စည်းတစ်ခုကြောင့် လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွား တယ်ဟုတ်လား၊ ဘာပစ္စည်းများလဲ''

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ ဂျူးအဘိုးကြီးက လွန်စွာ လေးနက်သောအသံဖြင့်

''ရှေးဟောင်းကြေးမုံမှန်ကြီးတစ်ချပ်လေ၊ ဒီမှန်ကြီးက သိပ်ထူးဆန်းတယ်၊ ဆရာလေး ကြည့်ချင်ရင် ဆိုင်အနောက်ကို လိုက်ခဲ့ပေတော့'' ဟု ပြောလေ၏ ။

ဤသို့ဖြင့် ကျွန်ုပ်သည် ဂျူးအဘိုးကြီး ခေါ်ဆောင်ရာဆိုင်၏ အနောက်ရှိ အခန်းကျဉ်း ကလေးသို့ ရောက်ရှိခဲ့လေ၏။

အခန်းကျဉ်းကလေး၏ တစ်နေရာ၌ နံရံ၌ ချိတ်ဆွဲထားသော ဘဲဥပုံမှန်ချပ်ကြီးကို တွေ့လိုက်ရ၏။

မှန်ကြီး၏ မျက်နှာပြင်ကို မဟော်ဂနီရောင် ဂနုတ်ပန်းကွက်များဖြင့် စီခြယ်ထား၏။

ဆိုင်ရှင် ဂျူးအဘိုးကြီးသည် မှန်ကြီးကို ကျွန်ုပ်မြင်နိုင်ရန်အတွက် မနိုင်မနင်းဖြင့် မ ရန် ကြိုးစားလိုက်၏။

ထိုအခိုက်မှာပင် ရှေးဟောင်းမှန်ကြီးသည် ဂျူးအဘိုးကြီးလက်မှ လွတ်၍ ကြမ်းပေါ်သို့ ဝုန်းခနဲ ကျလေ၏။

ကျွန်ုပ်သည် မှန်ကြီးကွဲပြီဟု ယူဆကာ အနောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်၏။

သို့သော် ဂျူးအဘိုးကြီးမှာ ထိတ်လန့်တုန်လှုပ်ခြင်းမရှိဘဲ မှန်ကြီးကို ကြမ်းပြင်မှ ပြန်လည်မယူရန် ကြိုးစား၏။

ဂျူးအဘိုးကြီးက မှန်ကြီးကို မယူရင်း

''ဒီမှန်ကြီးက သမိုင်းအဆက်ဆက် ဘယ်တော့မှ မကွဲဘူး၊ ဆင်ဝန်မောင်ပေါက်ဟာ မှန်ကိုခွဲ လို့မရလို့ စိတ်ခြောက်ခြားပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့တာပဲ၊ ဒါဟာ သိပ်ထူးဆန်းတဲ့ဖြစ် ရပ်ပဲ''

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ဂျူးအဘိုးကြီး၏ ဘဲဥပုံ ရှေးဟောင်းမှန်ကြီးကိုကြည့်၍ ခေါင်းခါယမ်းကာ

''ဒီမှန်ကြီးက မကွဲဘူး ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ လောကမှာ မကွဲတဲ့မှန်ဆိုတာ ရှိမလာဗျ၊ ပြီးတော့ ကြည့်စမ်းပါဦး၊ မှန်ကြီးတစ်ခုလုံး

ဆေးနက်တွေသုတ်ထားတယ်၊ ရှေးဟောင်း ပစ္စည်းတန်ဖိုး ဘယ်ရှိတော့မှာလဲ''

ဟု ပြစ်တင်ဝေဖန်လိုက်လေ၏။ ဂျူးအဘိုးကြီးက မှန်ကြီးကို တယုတယပွတ်သပ်၍

''ဒီကြေးမုံမှန်ကြီးက ကုန်းဘောင်ခေတ်က အပျိုတော်တွေ သုံးတဲ့ မှန်ကြီးတစ်ခုပါ၊ ဒါပေမဲ့ မှန်ကြီးဟာ မြန်မာ့လက်ရာမဟုတ်ဘူး၊ ဒါဟာ အင်မတန်ရှားပါးတဲ့ ပစ္စည်းတစ်ခုပါ၊ မှန်ပေါ်မှာရှိတဲ့ ဆေးနက်တွေကို ခွာချလိုက်ရင် တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု ဖြစ်နိုင်ပါတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်က ခေါင်းခါယမ်း၍

''ကျုပ်တော့ စိတ်မဝင်စားတော့ဘူးဗျို့၊ ပြန်တော့မယ်''

ဟု ငြင်းဆန်လိုက်လေ၏။ ဂျူးအဘိုးကြီးက ကျွန်ုပ်၏ ရှေ့မှကာဆီး၍

''စကားဆုံးအောင် နားထောင်ကြည့်ပါဦး၊ အမှန်အတိုင်း ပြောရရင် ဒီမှန်ကြီးက ခိုက်တတ် တယ်၊ ဒီမှန်ကြီးကြောင့် ဆင်ဝန်မောင်ပေါက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့တယ်၊ ဆင်ဝန် မောင်ပေါက်ရဲ့ အမွေဆက်ခံတဲ့ လှေဝန် မောင်စည်သူဟာလည်း လှေပေါ်မှာ ပန်းသည်မလေး တစ်ယောက်ကို သတ်ဖြတ်ပြီး ဧရာဝတီမြစ်ထဲ အဆုံးစီရင်ခဲ့တယ်။ ဒီအချိန်ကစပြီး ကြေးမုံမှန်ကြီးကို ခိုက်တတ်တယ်ဆိုပြီး ဘယ်သူမှမပိုင်ဆိုင်ဝံ့တော့ဘူး၊ ကြေးမုံမှန်ကြီးကို ပြင်သစ် ကောင်စစ်ဝန်မိသားစုကတစ်ဆင့် လက်ဆင့်ကမ်းပြီး ကျုပ်ဆီကို ရောက်လာတာပဲ''

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဂျူးအဘိုးကြီးပြောပြသော ကြေးမုံမှန်ကြီး၏ ကြောက်မက်ဖွယ်ဇာတ်လမ်းကို ယုံကြည်ခြင်းမရှိချေ။

ရှေးဟောင်း ပစ္စည်းရောင်းသူအများစုသည် စိတ်ဝင်စားဖွယ် နောက်ကြောင်းခံ ဇာတ်လမ်း အမျိုးမျိုးကို ဖန်တီးတတ်ကြ၏။

ကျွန်ုပ်သည် ဂျူးအဘိုးကြီး၏ အခန်းကျဉ်းလေးမှ ပြန်ထွက်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ကြေးမုံမှန်ကြီး၏ ထူးခြားချက်တစ်ခုကို မြင်တွေ့လိုက်ရ၏။ ကြေးမုံမှန်ကြီး ၏ အောက်ဘက်၌ ဆေးအနက်များကွာနေသော တစ်ထွာပတ်လည်ခန့် အကွက်ကလေးရှိ၏။

ထိုအကွက်လေးထဲမှ တစ်စုံတစ်ဦး၏ အရိပ်ပေါ်လာသလိုရှိသဖြင့် သေချာစွာကြည့် လိုက်ရာ စန္ဒာဒေဝီ၏ ရုပ်ပုံ ဖြစ်ကြောင်း အံ့သြဖွယ်တွေ့လိုက်ရ၏။

စန္ဒာဒေဝီ၏ လက်ထဲတွင် အနီရောင်ဖယောင်းတိုင် တစ်ချောင်း ကိုင်ထားပြီး ကျွန်ုပ်ကို 'ကျွန်မကိုကယ်ပါ'ဟု တီးတိုး ပြောနေသယောင်ရှိ၏။

*